## တကယ့် ဗုဒ္ဓဘာသာဝင်

ကမ္ဘာပေါ်မှာ လူမျိုးပေါင်းများစွာ ရှိသလို ကိုးကွယ်သောဘာသာများလည်း အမျိုးမျိုး ရှိပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံအတွင်းမှာ လူမျိုးပေါင်းများစွာရှိပြီး ဘာသာရေးကိုလည်း လွတ်လပ်စွာ ကိုးကွယ်ခွင့်ပေးထားသောကြောင့် ကိုယ်နှစ်သက်ရာ ဘာသာကို ကိုးကွယ်ကြပါတယ်။ အများအားဖြင့်တော့ ဗုဒ္ဓဘာသာကို ကိုးကွယ်သူများဖြစ်ကြပါတယ်။ မြန်မာနိုင်ငံဟာ ဗုဒ္ဓဘာသာကိုးကွယ်သော နိုင်ငံဖြစ်ပါတယ်။ ကမ္ဘာပေါ်ရှိ နိုင်ငံများအနက် ဗုဒ္ဓဘာသာ အထွန်းကားဆုံးနိုင်ငံလည်းဖြစ်ပါတယ်။ ဗုဒ္ဓဘာသာ ကိုးကွယ်သူများကို နှစ်မျိုး ခွဲခြားသတ်မှတ်နိုင်ပါတယ်။ ဗုဒ္ဓဘာသာကို တကယ်နားလည်သိရှိပြီး ယုံကြည်သက်ဝင်၍ ကိုးကွယ်သော ( တကယ့် ဗုဒ္ဓဘာသာဝင် ) နှင့် မိဘ၊ ဘိုးဘွားများ အစဉ်အဆက် ကိုးကွယ်ခဲ့သောကြောင့် ကိုးကွယ်လာသော ( မိရိုးဖလာ ဗုဒ္ဓဘာသာဝင်) တို့ဖြစ်ပါတယ်။

## မေတ္တာ သာရဏီယတရား

ကာယကံမေတ္တာ

မေတ္တာနှင့်ယှဉ်၊ ပြုမူလျှင်၊ အစဉ်အောက်မေ့ဖွယ်။
သူ့ဂုဏ်ကျေးဇူး၊ မမေ့ဘူး၊ အထူးအောက်မေ့တယ်။
အများချစ်ခင်၊ ရှိသေချင်၊ ခင်မင်လေးစားတယ်။
စိတ်ဂမ်းမကွဲ၊ တစ်သွေးထဲ၊ ညီလဲညီညွတ်တယ်။
ညီညွတ်သူဆောင်၊ ဆောင်တိုင်းအောင်၊
လူဘောင်ငြိမ်းချမ်းတယ်။

## ဝစီကံမေတ္တာ

မေတ္တာနှင့်ယှဉ်၊ ပြောဆိုလျှင်၊ အစဉ်အောက်မေ့ဖွယ်။
ချိုသာစကား၊ ကျိုးလိုလား၊ ကြားရချမ်းသာတယ်။
သူ့ဂုဏ်ကျေးဇူး၊ မမေ့ဘူး၊ အထူးအောက်မေ့တယ်။
အများချစ်ခင်၊ ရှိသေချင်၊ ခင်မင်လေးစားတယ်။
စိတ်ဂမ်းမကွဲ၊ တစ်သွေးထဲ၊ ညီလဲညီညွတ်တယ်။
ညီညွတ်သူဆောင်၊ ဆောင်တိုင်းအောင်၊
လူဘောင်ငြိမ်းချမ်းတယ်။

## မနောကံမေတ္တာ

မေတ္တာနှင့်ယှဉ်၊ စိတ်ထားလျှင်၊ အစဉ်အောက်မေ့ဖွယ်။
သူ့ဂုဏ်ကျေးဇူး၊ မမေ့ဘူး၊ အထူးအောက်မေ့တယ်။
အများချစ်ခင်၊ ရှိသေချင်၊ ခင်မင်လေးစားတယ်။
စိတ်ဂမ်းမကွဲ၊ တစ်သွေးထဲ၊ ညီလဲညီညွတ်တယ်။
ညီညွတ်သူဆောင်၊ ဆောင်တိုင်းအောင်၊
လူဘောင်ငြိမ်းချမ်းတယ်။
(ချမ်းမြေ့ဆရာတော်)

## ခန္တီစ = သည်းခံခြင်း မင်္ဂလာ

ခန္တီစ= ဆဲဆို ငေါက်ငမ်း ကိုယ်စိတ်ပင်ပန်းအောင် ညှင်းပန်းနှိပ်စက် ပြုမူချက်ကို အမျက် ပြင်းထန် တုံ့မပြန်ဘဲ သည်းခံခြင်း

### သည်းမခံခြင်း၏ အပြစ်ငါးပါး

၁။ လူအများ မချစ်ခင်ခြင်း၊
၂။ ကြမ်းကြုတ်ခြင်း၊
၃။ စိတ်မကြည်လင် မရွှင်လန်းခြင်း၊
၄။ တွေဝေလျက် သေရခြင်း၊
၅။ ငရဲသို့ ကျရခြင်း။

### သည်းခံခြင်း၏ အကျိုးငါးပါး

၁။ လူအများ ချစ်ခင်ခြင်း၊
၂။ သိမ်မွေ့ နူးညံ့ခြင်း၊
၃။ စိတ်ကြည်လင် ရွှင်လန်းခြင်း၊
၄။ မတွေမဝေ သေရခြင်း၊
၅။ နတ်ပြည်သို့ ရောက်ခြင်း။

(အင်္ဂုတ္တိုရ်၊ ပဉ္စက၊ ဒုတိယ အက္ခန္တိ သုတ်)